# သင့်လေထီးကို ဘယ်သူ ထုပ်ပိုးပေးသလဲ?

## Who's packing your parachute?

ချား(လ်)စပလမ်း(ဘ)သည် ဗီယက်နမ်နိုင်ငံတွင် အမေရိကန် ရေတပ်၌ ဂျက်လေယာဉ်မှူး ဖြစ်ခဲ့ပါသည်။ တိုက်ပွဲ (၇၅)ပွဲ ဆင်နွှဲပြီးသောအခါ သူ၏ လေယာဉ်သည် မြေပြင်မှ ဝေဟင်သို့ပစ်သော ဒုံးကျည်ထိမှန်ကာ ပျက်စီးခဲ့ရပါသည်။ **Plumb** သည် လေထီးဖြင့် ခုန်ထွက်၍ ရန်သူလက်တွင်းသို့ ရောက်ရှိသွားခဲ့ပြီး ဗီယက်နမ်ကွန်မြူနစ်များ၏ အကျဉ်းထောင်တွင် (၆)နှစ်ကြာမျှ ဖမ်းဆီးချုပ်နှောင်ခြင်း ခံခဲ့ရပါသည်။ သူသည် တုန်လှုပ်ခြောက်ခြားဖွယ်ရာ ဒုက္ခမှ လွန်မြောက်ခဲ့ရပြီးနောက် ယခုအချိန်တွင် ထိုအတွေ့အကြုံမှ သူရရှိခဲ့သော သင်ခန်းစာများအား ပြန်လည် ပို့ချနေပါသည်။

တစ်နေ့တွင် **Plumb** နှင့် သူ၏ ဇနီး တို့သည် စားသောက်ဆိုင်အတွင်း ထိုင်နေစဉ် အခြားစားပွဲမှ လူတစ်ဦးသည် သူ၏ အနီးသို့ ချဉ်းကပ်လာပြီး "ခင်ဗျားဟာ **Plumb** မဟုတ်လား။ ခင်ဗျား လေယာဉ်တင် သင်္ဘော ကစ်တီ ဟော့(ခ)က ဂျက်တိုက်လေယာဉ်ကို မောင်းခဲ့တယ်မဟုတ်လား။ အဲဒီတုန်းက ခင်ဗျားရဲ့ ဂျက်လေယာဉ် ပစ်ချခံခဲ့ရတယ်မဟုတ်လား"ဟု မေးလာခဲ့ပါသည်။

"ခင်ဗျား ဒီအကြောင်းကို ဘယ်လိုလုပ်သိသလဲ"ဟု **Plumb** က ပြန်မေးပါသည်။

"ခင်ဗျားရဲ့ လေထီးကို ကျွန်တော်ပဲ ထုပ်ပိုးပေးခဲ့ပါတယ်"ဟု ထိုလူက ပြန်ဖြေခဲ့လေသည်။

**Plumb** သည် အံ့အားသင့်လျက် ကျေးဇူးတင်စွာဖြင့် ပင့်သက် ရှိုက်လိုက်မိပါသည်။ ထိုသူက သူ၏ လက်ကိုဆွဲ၍ နှုတ်ဆက်ပြီး "လေထီးက ကောင်းကောင်းအလုပ်လုပ်ခဲ့တယ်လို့ ကျွန်တော်ထင်တယ်"ဟု ပြန်ပြောပါသည်။

"သေချာတာပေါ့၊ တစ်ကယ်လို့ ခင်ဗျားရဲ့လေထီးသာ ကောင်းကောင်း အလုပ်မလုပ်ခဲ့ရင် ကျွန်တော် ဒီမှာ ရှိနေမှာမဟုတ်ဘူး" ဟု **Plumb** က ထိုသူအား အခိုင်အမာပြောဆိုခဲ့ပါသည်။

**Plumb** သည် ထိုသူအကြောင်းစဉ်းစားရင်း ထိုနေ့ညသည် အိပ်၍မရခဲ့ပါ။ ဒီလူကို ရေတပ်ဝတ်စုံ ဦးထုပ်အဖြူ နောက်ကျောမှာ အပေါ်ပိုင်းကိုလွှမ်းခြုံသည့်အဖုံးနှင့် ခေါင်းလောင်းဘောင်းဘီ)နဲ့ဆိုရင် ဘယ်လိုပုံစံမျိုးပါလိမ့်ဟု တွေးတောနေမိပါသည်။ သူ့ကို ဘယ်နှစ်ခါလောက် မြင်ဖူးခဲ့ပြီး မင်္ဂလာရှိသော နံနက်ခင်းပါ။ နေကောင်းရဲ့လား။ ဒါမှမဟုတ် တစ်ခုခု ဘာဖြစ်လို့ မပြောဖြစ်ခဲ့မိပါလိမ့်ဟု စဉ်းစားနေမိပါသည်။

"ခင်ဗျားတို့သိတဲ့အတိုင်း ကျွန်တော်ဟာ တိုက်လေယာဉ်မှူးတစ်ဦးဖြစ်ပြီး သူဟာ သင်္ဘောသားတစ်ဦးသာဖြစ်ခဲ့လို့ပေါ့"။ **Plumb** က ထိုသင်္ဘောသား သင်္ဘောဝမ်းဗိုက်တွင်းရှိ သစ်သားစားပွဲရှည်ကြီးတွင် သတိကြီးစွာဖြင့် လေထီးဆိုင်းကြိုးကိုချည်ခြင်း၊ လေထီးပိုးသားကို ခေါက်ခြင်း စသည့်အလုပ်တို့ဖြင့် နာရီပေါင်းများစွာ လုပ်ကိုင်လျက် ထိုသို့ပြုလုပ်သည့် အကြိမ်တိုင်း၌ သူ၏ လက်ထဲတွင် သူမသိသော သူတစ်ယောက်၏ ကံကြမ္မာကို ကိုင်ထားနေရခြင်းအကြောင်းကို စဉ်းစားတွေးတောနေခဲ့မိသည်။

ယခုအခါ **Plumb** က သူ၏ ပရိသတ်များအား "မင်းလေထီးကို ဘယ်သူထုပ်ပိုးပေးသလဲ?"ဟု မေးပါသည်။ လူတိုင်းတွင် သူတို့တစ်နေ့တာ လုပ်ဆောင်စရာများကို အောင်မြင်စွာ လုပ်ဆောင်သွားနိုင်ဖို့ မိမိတို့ လိုအပ်ချက်များကို ကူညီဖြည့်တင်းပေးသည့် သူ ရှိပါသည်။ **Plumb** က သူ၏ လေယာဉ်သည် ရန်သူ၏ နယ်မြေအပေါ်၌ ပစ်ချခံရသောအခါ သူလိုအပ်ခဲ့သည့် လေထီးအမျိုးအစားပေါင်းများစွာကိုလည်း ထောက်ပြခဲ့ပါသည်။ သူသည် သူ၏ ရုပ်ပိုင်းဆိုင်ရာလေထီး၊ သူ၏ စိတ်ပိုင်းဆိုင်ရာလေထီး သူ၏ စိတ်လှုပ်ရှားမှုဆိုင်ရာလေထီးနှင့် သူ၏ ဝိညာဉ်ရေးရာလေထီးတို့ကို လိုအပ်ခဲ့ပါသည်။ သူသည် လုံခြုံ စိတ်ချရာ နေရာသို့မရောက်မီ ယင်းအထောက်အပံ့များအားလုံးကို အရေးတကြီး လိုအပ်ခဲ့ပါသည်။

တစ်ခါတစ်ရံ ဘဝအသက်တာမှပေးသော နေ့စဉ်စိန်ခေါ်မှုများတွင် ကျွန်ုပ်တို့သည် မည်သည့်အရာက အမှန်တကယ်အရေးကြီးသည်ဆိုသည့်အချက်ကို သတိလက်လွတ်ဖြစ်နေကြသည်။ ကျွန်ုပ်တို့သည် ဟဲလို၊ ကျေးဇူးပြု၍ ကျေးဇူးတင်ပါသည်ဆိုသောစကားများ၊ တစ်ယောက်ယောက်အား ၎င်းတို့၏ အံ့သြဖွယ်ရာအဖြစ်အပျက်များ ဖြစ်ပျက်သည့်အခါ ဂုဏ်ယူဝမ်းမြောက်မှုအား ဖော်ပြရန်၊ ချီးမွမ်းစကားပြောဆိုရန်၊ မည်သည့် အကြောင်းပြချက်အတွက်မျှမဟုတ်ဘဲ ကောင်းသောအရာတစ်စုံတစ်ခု ပြုလုပ်ရန် ပျက်ကွက်ကောင်းပျက်ကွက်ပါလိမ့်မည်။

သင်သည် ဤအပတ်၊ ဤလ၊ ဤနှစ် အချိန်ကာလများအား ဖြတ်သန်းနေခဲ့ရစဉ် သင်၏လေထီးကို ထုပ်ပိုးပေးသောသူများအား သတိရပါ။

**Diana Mercier**

တန်ဖိုးထား၊ အသိအမှတ် ပြုခြင်းသည် အထူး ကောင်းမွန်သောအရာဖြစ်ပါသည်။ ဤသို့ ပြုလုပ်ခြင်းသည် အခြားသူ၌ရှိသည့် ကောင်းသောအရာများ ကျွန်ုပ်တို့နှင့်လည်း ဆိုင်ကြောင်း ဖော်ပြခြင်းဖြစ်သည်။

***-Voltaire* (1694-1778)**

အားပေးတိုက်တွန်းခြင်း၏ အမှုတော်ဆောင်တစ်ဦး ဖြစ်လာစေပါ။ သင်၏ တစ်နေ့တာ အသက်ရှင်မှုတွင် လူတစ်ဦးချင်းအပေါ် အာရုံစိုက်ပါ။ နေ့စဉ် လူတစ်ဦးစီတိုင်းနှင့် အဆက်အသွယ်ပြုရန် အားထုတ်ပါ။ တစ်စုံတစ်ဦး၏ တစ်သက်တာ အခွင့်အရေးသည် သင်၏ နှုတ်ဖျား၌ တည်ကောင်း တည်နေပေလိမ့်မည်။

သာမန်အရာများ၏ ပုံမှန်လှုပ်ရှားမှုတွင် ကြိုက်နှစ်သက်မှုရှိပါ။ နေ့စဉ် တစ်ပိုင်တစ်နိုင်အစပြုခြင်းများ ငြီးငွေ့ဖွယ်ကောင်းသော အလုပ်များနှင့် စည်းမျဉ်း၊ စဉ်းကမ်းအရ ပြုလုပ်သော အစည်းအဝေးများကို လက်ခံပါ။ ဤအချိန်အခါများ၌ သင်၏ နှုတ်ထွက်စကားများသည် အသက်တာ၏ အရည်အသွေးကို ကြီးမားသော ပမာဏဖြင့် ဖော်ပြလိမ့်မည်။ ဤသာမန်အခြေအနေများတွင် သင့်အား ဘုရားသခင် အသုံးပြုပါစေ။

***- Caron Loveless***